Atrium Health

# ငွေရေးကြေးရေးအထောက်အကူအကျဉ်းချုပ်

Atrium Health သည် ၎င်း၏အဓိကတန်ဖိုးထားချက်ဖြစ်သည့် "ဂရုစိုက်ခြင်း" ကို စံနမူနာပြရင်း လူနာတစ်ဦး၏ငွေပေးချေနိုင်စွမ်းအပေါ်အခြေခံ၍ ငွေရေးကြေးရေး အထောက်အကူပေးရန် ကြိုးပမ်းပါသည်။ Atrium Health သည် ငွေရေးကြေးရေးအထောက်အကူနှင့်ဆက်စပ်သည့် ဖက်ဒရယ် သို့မဟုတ် ပြည်နယ် သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြောင်း သေချာစေရေးအတွက် ငွေရေးကြေးရေးလိုအပ်ချက်ရှိကြောင်း ပြသသည့်လူနာများကိုပံ့ပိုးပေးကြောင်း သေချာစေရန် ငွေရေးကြေးရေးပံ့ပိုးမှုအစီအစဉ်များကို စီမံထားပါသည်။ ငွေရေးကြေးရေးပံ့ပိုးမှုအတွက် သတ်မှတ်ချက်နှင့်ပြည့်စုံသူများအား အာမခံရှိသည့်လူနာအား ယေဘုယျအားဖြင့် တောင်းခံသည့်ပမာဏ (AGB) ထက် ပို၍ မည်သည့်အခါမျှ ငွေပေးချေရန် တောင်းခံမည် မဟုတ်ပါ။ Atrium Health သည် AGB တွက်ချက်ရန်အတွက် နောက်ကြောင်းပြန်ကြည့်သည့်နည်းကို အသုံးပြုပါသည်။ အချက်အလက်ထပ်မံရယူရန်နှင့် တွက်ချက်မှုအတွက် လူနာဝန်ဆောင်မှုပေးသည့်ဌာန (Patient Customer Service) ကို ဆက်သွယ်ပါ။

**ငွေရေးကြေးရေးအထောက်အကူအစီအစဉ်များ-**

**<u>အာမခံအကာအကွယ်နှင့်ငွေရေးကြေးရေးအထောက်အကူ (CAFA)</u>**

CAFA အစီအစဉ်သည် အတွင်းလူနာ သို့မဟုတ် စောင့်ကြည့်လေ့လာရန်အတွက် ဆေးရုံဝန်ဆောင်မှုများရရှိခဲ့ပြီး ငွေရေးကြေးရေးလိုအပ်ချက်ရှိကြောင်းပြသသည့် မြောက်ကယ်ရိုလိုင်းနား၊ တောင်ကယ်ရိုလိုင်းနား၊ ဂျော်ဂျီယာ သို့မဟုတ် အာလာဘားမားပြည်နယ်သားများအတွက် ဖြစ်သည်။ ပေးချေရန်လက်ကျန်ငွေ $ ၁၀၀၀၀ သို့မဟုတ် ယင်းအထက်ရှိစေခဲ့သည့် ဆေးရုံပြင်ပလူနာနှင့် ဆေးဝါးကုသမှုအဖွဲ့ဝန်ဆောင်မှုများလည်း ပါဝင်ပါသည်။ ဤကဲ့သို့သောဝန်ဆောင်မှုမျိုးများရရှိသော အာမခံမရှိသည့်လူနာများသည် အခြားအာမခံအခွင့်အရေးများအတွက် သတ်မှတ်ချက်နှင့် အကျုံးဝင်ခြင်းရှိမရှိ ဆုံးဖြတ်ရန် အာမခံအထောက်အကူဝန်ဆောင်မှုဌာနမှ ၎င်းတို့ကို ပြန်လည်စစ်ဆေးပါမည်။ လူနာတစ်ဦးမှ ဤလုပ်ငန်းစဉ်တွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပြီး ၎င်း၌အာမခံအတွက်အရင်းအမြစ်မရှိပါက၊ ဖက်ဒရယ်နွမ်းပါးမှုလမ်းညွှန်ချက်များ (FPG) နှင့် နှိုင်းယှဉ်၍ ဝင်ငွေအပေါ်အခြေခံပြီး CAFA အတွက် ၎င်း၏စာရင်းကို အကဲဖြတ်ပါမည်။ FPG ၏ ၃၀၀% သို့မဟုတ် ယင်းအောက်ဝင်ငွေရှိသည့်လူနာများသည် ငွေကြေးအထောက်အကူ ၁၀၀% ရရှိပါမည်။ FPG ၏ ၃၀၁% နှင့် ၄၀၀% ကြား လူနာများသည် အထောက်အကူ တစ်စိတ်တစ်ပိုင်းအတွက် သတ်မှတ်ချက်နှင့်ပြည့်မီပါမည်။ လူနာများက လက်ကျန်ငွေပေးချေရာ၌ အထောက်အကူပြုရန် အတိုးမဲ့ငွေပေးချေမှုအတွက် ရွေးချယ်စရာများ ရှိပါသည်။

**<u>ငွေရေးကြေးရေးအထောက်အကူအမှတ် (FAS)</u>**

ငွေရေးကြေးရေးအထောက်အကူအမှတ်ပေးအစီအစဉ်သည် ပြင်ပလူနာ သို့မဟုတ် ဆေးဝါးကုသမှုဆိုင်ရာအဖွဲ့၏ဝန်ဆောင်မှုများရရှိခဲ့ပြီး ပေးချေရန်လက်ကျန်ငွေ $ ၁၀၀၀၀ သို့မဟုတ် ယင်းအောက်ရှိခဲ့သည့် အာမခံမရှိသည့်မြောက်ကယ်ရိုလိုင်းနား၊ တောင်ကယ်ရိုလိုင်းနား၊ ဂျော်ဂျီယာ သို့မဟုတ် အာလာဘားမားပြည်နယ်သားများအတွက် ဖြစ်သည်။ ငွေကြေးမတောင်းခံမီ စာရင်းတစ်ခုစီကို ငွေကြေးအထောက်အကူအတွက် အလိုအလျောက်ပြန်လည်စစ်ဆေးပါမည်။ တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော ဝန်ဆောင်မှုပေးသူထံမှ လူနာဆင်းရဲနွမ်းပါးကြောင်း အလားအလာညွှန်ပြသည့် ငွေရေးကြေးရေးအမှတ်ပေးခြင်းဖြင့် အကျုံးဝင်မှုကို အခြေခံထားပါသည်။ အကျုံးဝင်သော စာရင်းများရှိသည့် လူနာများအား ၁၀၀% ညှိနှိုင်းပေးမည်ဖြစ်ပြီး ငွေတောင်းခံလွှာ ရရှိမည်မဟုတ်ပါ။ သတ်မှတ်ချက်နှင့်ပြည့်မီသောအမှတ်ရရှိသည့်လူနာများသည် မည်သည့်အရာမျှ လုပ်ဆောင်ရန်မလိုပါ။ ဆေးရုံပြင်ပလူနာ ဝန်ဆောင်မှုများအတွက် ငွေကြေးထောက်ပံ့မှုအကျုံးမဝင်ဟုတွေ့ရှိသည့်လူနာများသည် အကျုံးမဝင်ဟုတွေ့ရှိကြောင်းနှင့် ထိုဆုံးဖြတ်ချက်ကိုအယူခံဝင်ပုံအကြောင်းဖော်ပြထားသည့် စာတစ်စောင်ရရှိပါမည်။

***<u>ဂျော်ဂျီယာပြည်နယ်သားများသာ-</u>*** အာမခံအလုံအလောက်မရှိသည့်လူနာများအတွက် ငွေရေးကြေးရေးအထောက်အကူကို ဂျော်ဂျီယာဆင်းရဲနွမ်းပါးသူစောင့်ရှောက်မှုအပ်နှံရန်ပုံငွေ (ICTF) မှတစ်ဆင့် ရရှိမည်ဖြစ်ပြီး ယင်းသည် ဂျော်ဂျီယာ၌ဆေးရုံဝန်ဆောင်မှုအချို့ရရှိနေသည့် ဂျော်ဂျီယာသားများအတွက် ပြည်နယ်အစီအစဉ်ဖြစ်သည်။ ဤအစီအစဉ်၏ရန်ပုံငွေအတွက် နှစ်စဉ် အနိမ့်ဆုံးသတ်မှတ်ချက်များ ရှိပါသည်။ ဤလူနာများသည် CAFA လျှောက်လွှာတင်၍ လျှောက်ထားနိုင်ပါသည်။ FPG ၌ သို့မဟုတ် ယင်းအောက် ၃၀၀% ရှိသည့် လူနာများအား ငွေကြေး အထောက်အကူ ၁၀၀% ပေးပါမည်။ ငွေကြေးအထောက်အကူမပေးမီ အခြားအာမခံရွေးချယ်စရာများအကျုံးဝင်မှုကိုဆုံးဖြတ်ရန် လူနာများအား အာမခံအထောက်အကူလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။ (အာမခံမရှိသည့်ဂျော်ဂျီယာသားများအား CAFA နှင့် FAS လုပ်ငန်းစဉ်များမှတစ်ဆင့် ICTF ငွေကြေးအထောက်အကူပေးပါသည်) Atrium ဆေးရုံရှိ ICTF အစီအစဉ်နှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာများအတွက် လူနာများသည် ဂျော်ဂျီယာပြည်နယ် လူမှုအသိုက်အဝန်းကျန်းမာရေးဌာနကို 1-877-261-3117 ၌ဆက်သွယ်နိုင်ပါသည်။

**<u>လျှောက်ထားပုံ-</u>** လူနာများသည် အွန်လိုင်းလျှောက်လွှာတင်သည့်နေရာမှတစ်ဆင့် ဖုန်း၊ တက်ဘလက် သို့မဟုတ် ကွန်ပျူတာဖြင့်ဖြစ်စေ https://atriumhealth.org/for-patients-visitors/financial-assistance ၌ လျှောက်လွှာကို ဒေါင်းလုဒ်လုပ်ပြီး Atrium Health အာမခံအထောက်အကူဝန်ဆောင်မှုများသို့ စာတိုက်မှပို့၍ဖြစ်စေ လျှောက်ထားနိုင်ပါသည်။ စာတိုက်မှ လျှောက်လွှာရရှိရန် လူနာဝန်ဆောင်မှုပေးသည့်ဌာနကို ဆက်သွယ်ပါ။ သို့မဟုတ် ဆေးရုံတင်သည့်ရုံးတွင် လူကိုယ်တိုင် လျှောက်လွှာတစ်စောင် ရယူနိုင်ပါသည်။

*အာမခံနှင့်ငွေကြေးအထောက်အကူမူဝါဒနှင့် စာရွက်စာတမ်းများကို Atrium Health ဝက်ဆိုက် https://atriumhealth.org/for-patients-visitors/financial-assistance တွင် ရယူနိုင်ပါသည်။ ဆေးရုံတင်သည့်ရုံး၌ လူကိုယ်တိုင်ဖြစ်စေ လူနာဝန်ဆောင်မှုဌာနကို ဖုန်းဆက်၍ဖြစ်စေ အခမဲ့မိတ္တူများကို ရယူနိုင်ပါသည်။*

**အခြားအစီအစဉ်များ-**

**<u>အာမခံမရှိသူအတွက်လျှော့ဈေး</u>**

အာမခံမရှိသည့်လူနာများသည် ဆေးဝါးကုသမှုအတွက်လိုအပ်သည့်ဝန်ဆောင်မှုများအားလုံးအတွက် စုစုပေါင်းငွေတောင်းခံမှုများမှ ၅၀% လျှော့ဈေးရရှိပါမည်။ အာမခံမရှိသူအတွက် လျှော့ဈေးကို အလိုအလျောက်ပေးမည်ဖြစ်ပြီး ဤလျှော့ဈေးရရှိရန် လူနာမှမည်သည့်ကိုမျှ လုပ်ဆောင်ရန် မလိုအပ်ပါ။ အာမခံမရှိသည့်လူနာအားလုံး ဤအစီအစဉ်ကို ရရှိနိုင်ပါသည်။

**<u>အခက်အခဲအတွက်လျှော့ဈေး</u>**

အာမခံမည်သို့ပင်ရှိသည်ဖြစ်စေ မိမိတို့၏ငွေရေးကြေးရေးအခြေအနေနှင့်နှိုင်းစာပါက ဆေးဝါးကုသမှုအတွက် ကြီးမားသည့်ငွေတောင်းခံလွှာများရရှိခဲ့သည့် မြောက်ကယ်ရိုလိုင်းနား၊ တောင်ကယ်ရိုလိုင်းနား၊ ဂျော်ဂျီယာ သို့မဟုတ် အာလာဘားမားသားများအားကူညီရန် ဤအစီအစဉ်ကိုစီမံထားပါသည်။ အာမခံအားလုံး သို့မဟုတ် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသူများမှ ငွေပေးချေပြီးနောက် မိမိတို့၏အိမ်ထောင်စုငွေကြေးအရင်းအမြစ်များ၏ အနည်းဆုံး ၁၀% ပေးချေရန်လက်ကျန်ငွေရှိသည့်လူနာများသည် အခက်အခဲအတွက်လျှော့ဈေး ရနိုင်ပါမည်။ အခက်အခဲပြေငြိမ်းမှုလျှော့ဈေးတောင်းခံသူလူနာများသည် ၎င်းတို့၏ပထမငွေစာရင်းရှင်းတမ်းလက်ခံရရှိပြီးနောက် ဝန်ဆောင်မှုယူသူဌာနကို ဖုန်းဆက်၍ ဤအစီအစဉ်အကြောင်း မေးမြန်းရပါမည်။

**<u>ဝင်ငွေကိုအခြေခံသည့်နှုန်းထားဖြင့် လူမှုအသိုက်အဝန်းလျှော့ဈေးအစီအစဉ်</u>**

ဝင်ငွေကိုအခြေခံသည့်နှုန်းထားဖြင့် လူမှုအသိုက်အဝန်းလျှော့ဈေးအစီအစဉ်ကို နိုင်ငံတော်ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့ (NHSC) အစီအစဉ်များနှင့်ကိုက်ညီသည့် လူမှုအသိုက်အဝန်း ကမ်းလင့်ကူညီမှုနေရာများတွင် ရရှိနိုင်ပါသည်။ မိသားစုအရွယ်အစားနှင့် နှစ်စဉ်ဝင်ငွေအပေါ်အခြေခံ၍ လျှော့ဈေးများပေးပြီး သတ်မှတ်ချက်နှင့်ပြည့်မီသူများက ရရှိနိုင်ပါသည်။ ဆင်းရဲနွမ်းပါးမှုအောက် ၂၀၀% နှင့်အောက်ရှိသည့်လူနာများသည် ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများအတွက် ၁၀၀% လျှော့ဈေးရရှိပါမည်။ ဆင်းရဲနွမ်းပါးမှု ၂၀၀% အထက် ဝင်ငွေရှိသော်လည်း

Atrium Health ၄၀၀% နှင့်အောက် ဝင်ငွေရှိသူများသည် လျှော့ဈေး တစ်စိတ်တစ်ဒေသ ရရှိပါမည်။ လူနာများသည် https://atriumhealth.org/for-patients-visitors/financial-assistance ၌ လျှောက်လွှာဒေါင်းလုဒ်လုပ်ပြီး Atrium Health Coverage Assistance Services သို့ စာတိုက်မှ ပေးပို့နိုင်ပါသည်။ သို့မဟုတ် စာတိုက်မှ လျှောက်လွှာတစ်စောင် တောင်းခံရန် Patient Customer Service ကို ဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန်အချက်အလက်များ-**


Atrium Health Coverage Assistance Services
PO Box 32861
Charlotte, NC 28232

Patient Customer Service
(704) 512-7171 or 1-844-440-6536


*ဤအချက်အလက်များကို အာရဘစ်၊ မြန်မာ၊ ပြင်သစ်၊ ဟိန္ဒီ၊ ကိုးရီးယား၊ ရုရှ၊ လွယ်ကူအောင်ပြုလုပ်ထားသည့် တရုတ်၊ စပိန်၊ ရိုးရာတရုတ်နှင့် ဗီယက်နမ်ဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။ ၆/၂၀၂၃*